**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**ဆရာအတတ်ပညာဦးစီးဌာန**

**နေပြည်တော်**

# နည်းပြ/သရုပ်ပြ ရာထူး လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များတွင် နည်းပြ/သရုပ်ပြရာထူး(လစာနှုန်းကျပ်- ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)နေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် နီးစပ်ရာပညာရေးဒီဂရီကောလိပ်များတွင် လျှောက်လွှာများကို အခမဲ့ရယူ၍ **၉-၁-၂၀၂၆ ရက်(သောကြာနေ့)**နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာရေးဘာသာရပ်များ (ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ)အတွက် ပညာရေးပါရဂူဘွဲ့ (သို့မဟုတ်) မဟာပညာရေးဘွဲ့ (သို့မဟုတ်) ပညာရေးဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဂ) သင်ပြနည်းဘာသာရပ်များ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း) အတွက် ပညာရေးပါရဂူဘွဲ့(သို့မဟုတ်)မဟာပညာရေးဘွဲ့(သို့မဟုတ်) ပညာရေးဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာဘာသာရပ်အတွက် ကွန်ပျူတာဘာသာရပ်ဆိုင်ရာမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) စာပေဘာသာရပ်များ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ)အတွက် ပါရဂူဘွဲ့(သို့မဟုတ်) မဟာသုတေသနဘွဲ့(သို့မဟုတ်) မဟာဝိဇ္ဇာ/မဟာသိပ္ပံဘွဲ့ ရရှိပြီးသူဖြစ်ရမည်။

(င) ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များ(စက်မှု၊ အိမ်တွင်းမှု၊ ပန်းချီ၊ ဂီတ၊ ကာယ၊ စိုက်ပျိုးရေး) အတွက် သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ (သို့မဟုတ်)ပညာရေးဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(စ) **၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင်** သတ်မှတ်ထားသော ဘာသာရပ်များ၌ ပါရဂူဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့၊ မဟာပညာရေးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ပညာရေးဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူ၊ သက်ဆိုင်ရာဖွံ့ဖြိုးရေးဘာသာရပ်ဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပြသရမည်ဖြစ်ပြီး၊ အစိုးရဌာနတစ်ခုခု၏ ဌာနဆိုင်ရာအရေးယူအပြစ်ပေးခြင်း ခံထားရဖူးသူများ လျှောက်ထားခွင့်မရှိပါ။

(ဇ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဈ) ပညာရေးဒီဂရီကောလိပ်များတွင် ခန့်အပ်ခြင်းခံရပါက **အနည်းဆုံး(၃)နှစ်** တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော နိုင်ငံ့ဝန်ထမ်းများသည် မိမိတာဝန်ထမ်းဆောင်နေသည့် ဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ၆ လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ။

(ခ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာမိတ္တူ(မူရင်းပြသနိုင်ရမည်)၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ။

(ဂ) နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ။

(ဃ) (၁)လအတွင်းရယူထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက် မူရင်း။

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက် မူရင်း။

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းမကုန်သေးသော အလုပ်သမားမှတ်ပုံတင် မူရင်း။

၆။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို လျှောက်လွှာတင်သွင်းခဲ့သည့် ပညာရေးဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကဒ်ပြားများကို ၁၅-၁-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံသားစိစစ်ရေးကဒ်ပြား ပြသပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်ထုတ်ယူရမည်။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကိုသာ ဖြေဆိုရမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) မြန်မာစာ | - | ၁၇-၁-၂၀၂၆(စနေနေ့) | (၀၉:၀၀)နာရီမှ (၁၀:၀၀)နာရီအထိ |
| (ခ) အင်္ဂလိပ်စာ | - | ၁၇-၁-၂၀၂၆ (စနေနေ့) | (၁၀:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ |
| (ဂ) အထွေထွေဗဟုသုတ | - | ၁၇-၁-၂၀၂၆ (စနေနေ့) | (၁၁:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ |

၇။ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းကို ၁၈-၁-၂၀၂၆ ရက်နေ့တွင် သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များ၌ ကျင်းပမည်ဖြစ်ပါသည်။

ဆရာအတတ်ပညာဦးစီးဌာန